## ၅။ ငွေကြေးမလုံလောက်ခြင်း

မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုသူသည် ငွေပေးချေမှုပြုလုပ်ရန် စာရင်းထဲ၌ ငွေကြေးမလုံလောက်ခြင်းများဖြစ်ပေါ်လာပါက ငွေပေးချေမှုများပြု လုပ်၍ ရနိုင်မည်မဟုတ်သည့်အပြင် လုပ်ဆောင်ရန်ကျန်ရှိသေးသော ငွေပေးချေမှုများကိုလည်း ငွေကြေးလုံလောက်သောအချိန်အထိ ရပ်ဆိုင်းထားမည်ဖြစ်သည်။

## ၆။ အခကြေးငွေနှင့် ကောက်ခံသောနှုန်း

စာရင်းများလွှဲပြောင်းခြင်း၊ Bill Payment Service ဝန်ဆောင်မှုများအား အသုံးပြုသည့်အခါ ကောက်ခံသည့်နှုန်းထားများကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်မှ သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း ကောက်ခံပါမည်။

## ၇။ စာရင်း၏ အချက်အလက်နှင့် ဝန်ဆောင်မှုများအား စီမံခန့်ခွဲခြင်း

မိုဘိုင်းဝန်ဆောင်မှု အသုံးပြုသူသည် စာရင်းများ၏ ငွေလက်ကျန်စစ်ဆေးခြင်း၊ ဆောင်ရွက်ခဲ့သည့် ငွေကြေးလွှဲပြောင်းခြင်းများနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် အသုံးပြုသူသည် မိမိ Cheque Status စစ်ဆေးခြင်း၊ မိမိ Cheque ပျောက်ဆုံးခြင်း (သို့မဟုတ်) ခိုးယူခံရခြင်းများဖြစ်ပေါ်လျှင် အသုံးပြုသူအနေဖြင့် ထို Cheque အားအခြားသူအသုံးပြုခြင်းမှ တားဆီးပိတ်ပင်နိုင်သည်။

## ၈။ ဖုန်းပျောက်ဆုံးခြင်း

(က) မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုသည့် ဖုန်းပျောက်ဆုံးခြင်း၊ SIM Card ပျောက်ဆုံးပျက်စီးခြင်း (သို့မဟုတ်) ခိုးယူခံရခြင်းများဖြစ်ပေါ်ပါက မိမိလျှောက်ထားခဲ့သည့် ဘဏ်ခွဲသို့ ချက်ခြင်းအကြောင်းကြားရမည်။

(ခ) မိုဘိုင်းဖုန်းပျောက်ဆုံးကြောင်း ဘဏ်မှ မသိရှိသေးမီကာလအတွင်း ဖြစ်ပေါ်လာသော ဘဏ္ဍာရေးဆိုင်ရာဆုံးရှုံးမှုများသည် အသုံးပြုသူ၏ တာဝန်သာဖြစ်သည်။

(ဂ) မိုဘိုင်းဖုန်းနံပါတ် ပြောင်းလဲခြင်း (သို့မဟုတ်) Password မေ့လျော့ခြင်းတို့အတွက် အသစ်ထပ်မံပြန်လည်ပြင်ဆင်ထုတ်ပေးရာတွင် ဘဏ်မှ အခါအားလျော်စွာ သတ်မှတ်ထားသော ဝန်ဆောင်ခများအား အသုံးပြုသူမှ ဘဏ်သို့ ပေးသွင်းရမည်။

(ဃ) မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုသူမှ ယခုဖော်ပြထားသော Terms and Conditions များအားလိုက်နာရန် ပျက်ကွက်၍ ဖြစ်ပေါ်လာသော ဘဏ်၏ဆုံးရှုံးနစ်နာမှု၊ ပျက်စီးမှု၊ စရိတ်စကများအတွက် အသုံးပြုသူမှ တာဝန်ယူကျခံရမည်။

## ၉။ ပြောင်းလဲပြင်ဆင်ခြင်း

မိုဘိုင်းဝန်ဆောင်မှုအသုံးပြုသူသည် မိမိ၏ကိုယ်ရေးအချက်အလက်များပြင်ဆင်ခြင်း၊ ဘဏ်တွင် Register ပြုလုပ်ခဲ့သည့် ဖုန်းနံပါတ် ပြောင်းလဲခြင်း စသည့်ကိစ္စရပ်များအား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ နီးစပ်ရာဘဏ်ခွဲများသို့ ကိုယ်တိုင်လာရောက် လျှောက်ထားရမည်။

## ၁၀။ အငြင်းပွားမှုများအားဖြေရှင်းခြင်း

(က) မိုဘိုင်းဖုန်းဝန်ဆောင်မှု အသုံးပြုသူသည် မိမိပြုလုပ်ခဲ့သော စာရင်းများကို မှတ်တမ်းများနှင့် လစဉ်ရှင်းလင်းကိုက်ညှိရန် တာဝန်ရှိသည်။

(ခ) သဘောတူညီပြီးဖြစ်သော ဖော်ပြပါ Terms and Conditions များမှ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက်မျှတစွာ ညှိနှိုင်းဖြေရှင်းသွားပါမည်။

(ဂ) ယင်းအငြင်းပွားမှုများအား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် မိုဘိုင်းဝန်ဆောင်မှုအသုံးပြုသူတို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဖြေရှင်း၍မရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## ၁၁။ အထွေထွေ

(က) မိုဘိုင်းဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများ၊ App အသုံးပြုရာတွင် ဖြစ်ပေါ်လာသည့် အခက်အခဲများ၊ မည်သည့်အကြောင်းကြောင့်မဆို ဝန်ဆောင်မှုမရရှိခြင်းတို့ ဖြစ်ပေါ်လာပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ **Hotline နံပါတ် ၀၉-၄၄၉၁၁၁၉၄၁ နှင့် ၀၆၇-၄၂၂၅၇၃** သို့ (၂၄)နာရီ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ခ) နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်သည် မိုဘိုင်းဝန်ဆောင်မှု အသုံးပြုသူများသို့ အချိန်နှင့်တပြေးညီ ဝန်ဆောင်မှုအသစ်များအား မိတ်ဆက်ခြင်း၊ ရှိပြီးသား ဝန်ဆောင်မှုများအားလျှော့ချခြင်း၊ မိုဘိုင်းနှင့်ပတ်သက်သော စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ခြင်းကိုလည်း ပြုလုပ်နိုင်သည်။

# NAYPYITAW DEVELOPMENT BANK

## NDB mBanking အသုံးပြုခြင်းဆိုင်ရာ

## Terms and Conditions

## ၁။ အဓိပ္ပါယ်ဖော်ပြချက်

(က) **"Bank (ဘဏ်)"** ဆိုသည်မှာ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို ဆိုလိုသည်။

(ခ) **"Account (စာရင်း)"** ဆိုသည်မှာ မိုဘိုင်းဘဏ်လုပ်ငန်း အသုံးပြုမည့်သူအတွက်ဘဏ်မှ ဖွင့်လှစ်ထိန်းသိမ်းထားသော စာရင်းကိုဆိုလိုပါသည်။

(ဂ) **"mBanking (မိုဘိုင်းဘဏ်လုပ်ငန်း)"** ဆိုသည်မှာ Smart Phone (သို့မဟုတ်) အခြားသော အီလက်ထရောနစ်ပစ္စည်းများအား အသုံးပြု၍ လက်ကျန်ငွေစစ်ဆေးခြင်း၊ ငွေလွှဲပြောင်းခြင်း၊ ATM စက်များ တည်နေရာရှာဖွေခြင်း၊ ဘဏ်ခွဲလိပ်စာများကြည့်ရှုခြင်း၊ ဘဏ်၏ အခြားသောဝန်ဆောင်မှုများကို အသုံးပြုနိုင်သောစနစ်ကို ဆိုလိုခြင်းဖြစ်သည်။

(ဃ) **"Agents (ကိုယ်စားလှယ်များ)"** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးရန် ဘဏ်က ခန့်အပ်ထားသူကိုဆိုလိုသည်။

(င) **"(Mobile Network Operator– MNOs)" မိုဘိုင်းကွန်ယက်အော်ပရေတာများ"** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုအတွက် ချိတ်ဆက်ဆောင်ရွက်ရန် ဘဏ်ကအသုံးပြုသည့် အဖွဲ့အစည်းကိုဆိုလိုသည်။

(စ) **"Technical Service Providers (နည်းပညာဝန်ဆောင်မှုပေးသူများ)"** ဆိုသည်မှာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းနည်းပညာအတွက် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းကိုဆိုလိုသည်။

(ဆ) **"Mobile Phone Number (မိုဘိုင်းဖုန်းနံပါတ်)"** ဆိုသည်မှာ ဘဏ်၏ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းစနစ်အသုံးပြုရန် မိုဘိုင်းဖောက်သည် (Client) က မှတ်ပုံတင်ထားသည့် မိုဘိုင်းဖုန်းနံပါတ်ကို ဆိုလိုသည်။

(ဇ) **"Mobile User"** ဆိုသည်မှာ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ မိုဘိုင်းဘဏ်လုပ်ငန်းစနစ် အသုံးပြုသူကို ဆိုလိုခြင်းဖြစ်သည်။

(ဈ) **"Mobile Application"** ဆိုသည်မှာ အများအားဖြင့် 'APP' ကို ရည်ညွှန်းခြင်းဖြစ်ပြီး ငွေကြေးနှင့်ပတ်သက်၍ Smart Phone များတွင် လုပ်ဆောင်နိုင်ရန်အတွက် ပြုလုပ်ထားသော Software Application ကို ဆိုလိုခြင်းဖြစ်သည်။

(ည) **"Application Form (သတ်မှတ်လျှောက်လွှာပုံစံ)"** ဆိုသည်မှာ မိုဘိုင်းဖောက်သည်က ဘဏ်၏ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းစနစ် အသုံးပြုရန်အတွက် အချက်အလက်များ ဖြည့်စွက်ရမည့် ပုံစံကို ဆိုလိုသည်။

(ဋ) **"Bill Payment"** ဆိုသည်မှာ အခွန်အခပေးချေမှုများကို မိမိ၏ မိုဘိုင်းဖုန်းမှတဆင့်သက်ဆိုင်ရာစာရင်း (Account) သို့ ပေးချေမှုကို ဆိုလိုသည်။

(ဌ) **"Password (လျှို့ဝှက်နံပါတ်)" ဆိုသည်မှာ** ဘဏ်၏ မိုဘိုင်းဘဏ်လုပ်ငန်းစနစ်သို့ ဝင်ရောက်ရာတွင် အသုံးပြုသည့်လျှို့ဝှက်ဂဏန်းကို ဆိုလိုသည်။

(ဍ) **"One Time Password (တစ်ခါသုံးစကားဝှက်)"** ဆိုသည်မှာ မိုဘိုင်းဝန်ဆောင်မှုဖြင့် Transaction များပြုလုပ်ရာတွင် လုံခြုံစိတ်ချမှုရှိစေရန် အတွက် ဘဏ်မှ Auto Generate ပြုလုပ်ပေးသော တစ်ခါသုံးစကားဝှက်ကို ဆိုလိုသည်။

(ဎ) **"User Guide (အသုံးပြုမှုလမ်းညွှန်)"** ဆိုသည်မှာ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အသုံးပြုသူမှစနစ်တကျ အလွယ်တကူအသုံးပြုနိုင်စေရန်ရည်ရွယ်၍ ဘဏ်မှ အသုံးပြုသူများသို့ ထုတ်ပြန်ထားသည့်လမ်းညွှန်ချက်ကိုဆိုလိုသည်။

(ဏ) **"Call Center"** ဆိုသည်မှာ မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ပေါ်ပေါက်လာသည့် အခက်အခဲများကို (24/7) ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးနိုင်ရန် ဘဏ်မှဖွဲ့စည်းထားသော အဖွဲ့၏တည်နေရာကို ဆိုလိုသည်။

(တ) **"SMS"** ဆိုသည်မှာ မိုဘိုင်းဝန်ဆောင်မှုအသုံးပြုမည့်သူသို့ လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်များအား အချိန်နှင့်တပြေးညီ (Real Time) ပေးပို့ရသည့် Short Message Service ကို ဆိုလိုသည်။

## ၂။ မိုဘိုင်းဝန်ဆောင်မှုအသုံးပြုသူများ လိုက်နာရမည့်အချက်များ

(က) မိုဘိုင်းစာရင်းသည် တစ်ဦးတည်းသာအသုံးပြုခွင့်ရှိ၍ လွှဲပြောင်းအသုံးပြုခွင့်မရှိပါ။

(ခ) မိုဘိုင်းအသုံးပြုသူသည် ဘဏ်တွင် Register ပြုလုပ်ထားသောဖုန်းနံပါတ်တစ်မျိုးတည်းဖြင့်သာ အသုံးပြုရမည်။

(ဂ) မိုဘိုင်းစာရင်းနှင့် ချိတ်ဆက်အသုံးပြုမည့် ဖုန်းနံပါတ်အပြောင်းအလဲရှိခဲ့ပါက နီးစပ်ရာဘဏ်ခွဲများတွင် သွားရောက်၍ Data Changes Form တွင် လက်မှတ်ရေးထိုးကာ ကိုယ်တိုင်လျှောက် ထားရမည်။

(ဃ) မိုဘိုင်းအသုံးပြုရန် ဘဏ်သို့ လျှောက်ထားလာပါက သတ်မှတ် ထားသည့် လျှောက်လွှာပုံစံတွင် ကိုယ်ရေးအချက်အလက်များ နှင့် အခြားအချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြည့်သွင်းရမည်။

(င) မိုဘိုင်းဘဏ်လုပ်ငန်းလုပ်ဆောင်ရန် လျှောက်ထားသူသည် ဘဏ် တွင် ကနဦးအပ်ငွေကျပ် (5,000/-)ဖြင့် စာရင်းတစ်ခု (Current or E-Saving) ဖွင့်လှစ်ထားရမည်ဖြစ်ပြီး အနည်းဆုံး လက်ကျန် ငွေ ကျပ် (5,000/-) ကိုထားရှိရမည်။

(စ) မိုဘိုင်းဘဏ်လုပ်ငန်း စတင်လျှောက်ထားချိန်တွင် ဘဏ်မှ သင့်လျော်သည့် Passwordကို ထည့်သွင်းပေးထားမည်။ Customer မှ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ Mobile Application ကို Download ပြုလုပ်ပြီးပါက မိမိစိတ်ကြိုက် **Password ကို ဂဏန်းအရေအတွက် (၇)လုံး** ဖြင့် မဖြစ်မနေပြောင်းလဲ၍ App ထဲသို့ ပြန်လည်ဝင်ရောက်ရမည်။

(ဆ) Mobile Banking အသုံးပြုရာတွင် User Name & Password တို့ကို (၃)ကြိမ်အထိ မှားယွင်းနှိပ်မိသောကြောင့် Lock ကျခဲ့လျှင် Unlock ပြုလုပ်ရန် အတွက် ဘဏ်သို့ ဖုန်းဆက်အကြောင်းကြားရပါမည်။

(ဇ) Mobile Reset Password ပြုလုပ်ခြင်းအား ဘဏ်သို့ ကိုယ်တိုင်လာရောက်လျှောက်ထားရမည်ဖြစ်ပြီး Reset Password ပြုလုပ်ခြင်း (၃)ကြိမ်ထက်ကျော်လွန်ပါက ဘဏ်မှ သတ်မှတ်ထားသည့်အတိုင်း ဝန်ဆောင်ခ ပေးဆောင်ရပါမည်။

(ဈ) မိမိ၏မိုဘိုင်းဖုန်းအား အခြားသူတစ်ဦးဦးက မမှန်မကန်အသုံးချခြင်း၊ ခိုးယူခြင်း၊ ပျောက်ဆုံးခြင်း၊ SIM Cardပျောက်ဆုံးပျက်စီးခြင်း ဖြစ်ပေါ်ပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းစနစ်အား ခေတ္တရပ်ဆိုင်း ပေးရန် ဘဏ်သို့ အကြောင်းကြားရမည်။

(ည) Mobile Banking ဖြင့် ငွေပေးချေမှုအား တစ်ကြိမ်လျှင် အများဆုံး ပမာဏကျပ်(၅)သိန်းထိဆောင်ရွက်နိုင်ပြီး တစ်ရက်လျှင် အများဆုံး ပမာဏကျပ် (၁၀)သိန်းထိ လွှဲပြောင်းပေးနိုင်သည်။

(ဋ) နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၏ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းစည်းမျဉ်းကိုဖတ်ရှု၍ စည်းမျဉ်းများအား လိုက်နာမည်ဖြစ်ကြောင်း သဘောတူညီချက် လက်မှတ်ရေးထိုးရမည်။

(ဌ) ဘဏ်မှ အခါအားလျော်စွာ ပြင်ဆင်သည့်စည်းမျဉ်းများအား မိုဘိုင်းဖောက်သည်များသိရှိနိုင်ရန်အတွက် အချိန်နှင့်တပြေးညီ အသိပေးပါမည်။

## ၃။Password (လျှို့ဝှက်နံပါတ်)

(က) မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုမည့် လျှို့ဝှက်နံပါတ်အားလုံခြုံစွာထိန်းသိမ်းရမည်ဖြစ်ပြီး မိမိမှတ်ပုံတင်ထားသော ဖုန်းနံပါတ်၊ အချက်အလက်များဖြင့် ပြုလုပ်ခဲ့သည့် မိုဘိုင်းဘဏ်လုပ်ငန်း၏ စာရင်းရှင်းလင်းမှုများအားလုံးကို တာဝန်ယူရမည်။

(ခ) မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုသူသည် ၎င်း၏ ဆန္ဒအတိုင်း Password အား ပြောင်းလဲသတ်မှတ်နိုင်သည်။

(ဂ) Password အား အခြားသူများသိရှိသွားနိုင်သည့် အကြောင်းကိစ္စပေါ်ပေါက်လာလျှင် ချက်ခြင်းပြောင်းလဲ သတ်မှတ်ရမည်။

## ၄။ မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုသူ၏စာရင်းမှ နုတ်ယူခြင်း

မိုဘိုင်းဘဏ်လုပ်ငန်းအသုံးပြုသူသည် မိုဘိုင်းဝန်ဆောင်မှုအသုံးပြု၍ လုပ်ဆောင်ချက်အားလုံးအတွက် အသုံးပြုသူ၏စာရင်းမှ နုတ်ယူရန် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်သို့ အတိအလင်းအခွင့်အာဏာပေးအပ်ပြီး ဖြစ်၍ ဘဏ်စာရင်းမှတ်တမ်းများသည် အပြီးသတ် သက်သေခံချက်ဖြစ်သည်။